# ထင်ရာမစိုင်းဘဲ အဖွဲ့ချုပ်နှင့်ဆွေးနွေးရန် စစ်အစိုးရအား သတိပေး

NEJ / ၄ ဇန်နဝါရီ ၂၀၀၅ / ၁၇း၃၀



Photo : NEJ

ဦးဝင်းခက် အမှာစကားပြောကြားစဉ်

နအဖစစ်အစိုးရသည် ထင်ရာစိုင်း မိုက်လုံးကြီးပြီး လမ်းမှားကြီးကိုဆက်လျှောက်နေသည်ဟု NLD လွတ်မြောက်နယ်မြေဥက္ကဋ္ဌ ဦးဝင်းခက်က ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် NLD (LA) အဖွဲ့မှ ယနေ့နံနက်ကျင်းပသည့် (၅၇) နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားအမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

၎င်းက "ကနေ့အခြေအနေအရတော့ နအဖဟာ နောက်ဆုတ်မယ့်သဘောမရှိဘူး။ ဆက်ပြီး ထင်ရာစိုင်းမယ့်ပုံပဲ။ အခု NLD ကထုတ်လိုက်တဲ့ ကြေညာချက်အရ သင်ပုန်းချေပြီး ဆွေးနွေးသင့်တယ်ဆိုတာ မှန်ကန်တယ်လို့ ယူဆတယ်။ အပြစ်ကျူးလွန်သူတွေ စိုးရိမ်ကြောင့်ကြမှု မရှိရအောင် NLD က အလိုက်လျောဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင် လုပ်တာပဲ။ အဲဒါ မလိုက်နာရင်တော့ တိုင်းပြည်ကို ပြည်သူလူထုကပဲ အဆုံးအဖြတ်ပေးရမယ့် အနေအထား ရောက်သွားမှာပဲ။ တိုင်းပြည်က နစ်နာနေပြီ" ဟု ပြောကြားသည်။

နအဖက သတင်းစာရှင်းလင်းပွဲလုပ်ပြီး NLD ကို သိက္ခာချရန် ကြိုးစားမှုများသည် မလုပ်သင့်သည့်ကိစ္စဖြစ်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရန် ပြည်သူက အာဏာအပ်နှင်းခြင်းခံရသည့် NLD ကို တကမ္ဘာလုံးသိအောင် နှိပ်စက်ပြနေခြင်းသည်လည်း နအဖ၏ မိုက်လုံးကြီးမှုပင်ဖြစ်ကြောင်း ဦးဝင်းခက်က ထောက်ပြပြောဆိုသွားသည်။

၎င်းကဆက်လက်ပြီး "နောက်ဆုံးတော့ ပြည်သူလူထုရဲ့ အဆုံးအဖြတ်နဲ့ ဒီမိုကရေစီစနစ်ကို သွားရမှာပဲ။ လွတ်လပ်ရေးဆိုတာက သူတပါးကျွန်အောက်ကနေပြီးတော့ သွေးမြေကျခံပြီး တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေက စွန့်လွှတ်ရယူထားတဲ့ လွတ်လပ်ရေးဖြစ်တယ်။ ဒါကြောင့် ကျန်ခဲ့တဲ့လူတွေက ထိန်းသိမ်းရမယ့်တာဝန်ဖြစ်တယ်။ တိုင်းပြည်နစ်နာအောင် လုပ်နေသမျှ အာဏာအလွဲသုံးစားလုပ်နေသမျှ ဒါဟာ တနိုင်ငံလုံးကို ပြစ်မှားနေတဲ့ ပြစ်မှုပဲဖြစ်တယ်။ ပြစ်မှုကျူးလွန်သူကသာ တာဝန်ခံရမှာဖြစ်တယ်။ အဲဒါမျိုးမဖြစ်စေချင်လို့ ပျော့ပျောင်းတဲ့နည်းနဲ့သွားနေတာ။ တိုင်းပြည် မဖြစ်သင့်တာတွေဆက်ဖြစ်ပြီး သွေးထွက်သံယိုမှုတွေ ဖြစ်လာခဲ့ရင် တာဝန်အရှိဆုံးဟာ နအဖပဲ" ဟု ပြောကြားသည်။

ယနေ့အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးတင်ထွန်းအောင် (စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးဝင်းခက် (ဥက္ကဋ္ဌ NLD-LA)၊ ဦးတင်အောင် (ဒု–ဥက္ကဋ္ဌ NLD-LA)၊ ဒူးဝါး မရန်ဇော်အောင် (ကချင်ပြည်နယ်၊ ဗိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးကျော်သွင် (ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့မှ ဆောင်ရွက်ခဲ့ကြပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားကြသည်။

လွတ်လပ်ရေးအခမ်းအနားသို့ ဒီမိုကရေစီရရှိရေး တိုက်ပွဲဝင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအပြင် မဲဆောက်ရောက် မြန်မာအလုပ်သမားများ တက်ရောက်ခဲ့ကြသည်။ ■